# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့တွင်ကရင်အမျိုးသမီးအစည်းအရုံးမှ ထုတ်ဝေသည့်အစီရင်ခံစာ၏ထုတ်ပြန်ကြေငြာချက်

## အားလုံးအတွက်တန်းတူညီမျှခြင်း

ယနေ့၂၀၂၀ခုနှစ်၊မတ်လ၊၈ရက်နေ့တွက်ကျရောက်သည့်အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့တွင်ကရင်အမျိုးသမီးအစည်းအရုံးမှပိတိဖြစ်ရသည်မှာယနေ့ထုတ်ပြန်ဖြန့်ဖြူးမည့်အစီရင်စာဖြစ်သည့်"သူတို့အစားကျွန်ုပ်ကိုသတ်ပါ"ဆိုသည့်အစီရင်ခံစာသည်ကရင်အမျိုးသမီးရွာသူကြီးများတုံ့ပြန်သည့်ဘဝဖြတ်သန်းမှုမှရင်ဆိုင်ခဲ့ရသောစိန်ခေါ် မှုအခက်အခဲများဖြစ်သည်။ဤစာစောင်သည်အမျိုးသမီးရွာသူကြီးများ၏အံ့သြဖွယ်ကောင်းသည့်သူတို့၏လုပ်ဆောင်ချက်များဖြစ်သည်။သူတို့ကျေးရွာလူထုအတွက်လူမှုအသိုင်းအဝိုင်းများကိုကာကွယ်ရာတွင်အသက်အန္တရယ်ကြားအသက်စွန့်အနစ်နာခံခဲ့သည်။နိုင်ငံတကာအမျိုးသမီးခေါင်းဆောင်များကဲ့သို့ကရင်ရွာသူကြီးများသည်လည်းတာဝန်ထမ်းဆောင်ရာတွင်ကြီးလေးသည့်တာဝန်ယူမှုနှင့်စိန်ခေါ် မှုများကိုရင်ဆိုင်ဖြတ်သန်းနေရသည့်အတိုင်းအတာတွင်ခံနိုင်ရည်စွမ်းအပြည့်နှင့်ဂိုဏ်သိက္ခာရှိမှုနှင့်ရဲစွမ်းသတ္တိအပြည့်အဝဖြင့်လုပ်ဆောင်ခဲ့ကြသည်။နိုင်ငံတကာမှထုတ်ပြန်ကြေငြာချက်ခေါင်းစဉ်ဖြစ်သည့်တန်းတူညီမျှမှုပေးရန်တောင်းဆိုလာသည့်အပေါ် တွင်ကျွန်မတို့ကရင်အမျိုးသမီးအစည်းအရုံးမှအားလုံးအတွက်အခွင့်အရေးတန်းတူညီမျှမှုရှိရန်တောင်းဆိုလိုပါသည်။

လူမှုအသိုင်းအဝိုင်းအကြားတွင်အမျိုးသမီးများတွေ့ကြုံနေရသည့်အစဉ်အလာ၊ယဉ်ကျေးမှု၊ယုံကြည်ချက်တွင်အမျိုးသမီးများသည်ခေါင်းဆောင်မှုပိုင်းဆိုင်ရာကဏ္ဍတွင်လုပ်ဆောင်နိုင်စွမ်းအရည်အချင်းမပြည့်ဝပါဟုယုံကြည်ယူဆကြသည်။သို့သော်ယခုလက်ရှိကျွန်မတို့ထုတ်ဝေမည့်အစီရင်ခံစာစောင်တွင်အမျိုးသမီးများသည်အသက်အန္တရယ်ကြားတွင်စိုးရိမ်ပူပန်မှုဖြင့်နေရသည့်အချိန်ခါတွင်တည်ငြိမ်သောစိတ်ထားဖြင့်မိမိအသက်ကိုပေးဆပ်နိုင်သည်ကိုရှင်းရှင်းလင်းလင်းဖေါ်ပြပေးထားသည်။ဤအစီရင်ခံစာတွင်အမျိုးသမီးများသည်လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင်မိမိတွင်ရှိသောအရည်အသွေးနှင့်အရည်အချင်း၊စွမ်းရည်ဖြစ်သောလိမ္မာပါးနပ်သည့်အသုံးအနှုန်း၊လျှင်မြန်သည့်တွေးခေါ် မှုဖြင့်ဗမာစစ်တပ်များကိုထိရောက်သည့်တုံ့ပြန်မှုကိုလုပ်ဆောင်နိုင်သည်။ဖိနှိပ်ချုပ်ချယ်မှုအောက်တွင်ဆောင်ရွက်ရသည့်အဆုံးအ ဖြတ်၌လူမှုအသိုင်းအဝိုင်းအကျိုးရလဒ်ကိုသာဦးစားပေးဆုံးဖြတ်ရသည့်အနေအ ထားတွင်မိမိ၏ဖိစီးမှုခံစားချက်များကိုရဲတင်းသည့်စိတ်ဖြင့်သာထိန်းချုပ်ထားနေခဲ့ရသည်။ဤအစီရင်ခံစာတွင် အမျိုးသမီးရွာသူကြီးအနက်တဦး၏ဝေမျှမှုကိုဖေါ်ပြရလျှင်ဗမာစစ်သားကိုတုံ့ပြန်အသုံးပြုသည့်စကားမှာဘာလုပ်ရမလဲဆိုတာအမိန့်ပေးစရာမလိုဘူး၊ရွာသားများ၏လိုအပ်ချက်အတွက်သာငါလုပ်မည်။

ကရင်ပြည်နယ်တွင်ရှိသောဖွဲ့စည်းတည်ဆောက်ပုံအနေအထားသည်များသောအားဖြင့်ဦးဆောင်မှုပိုင်းတွင်အမျိုးသားများနှင့်သာဖုံးလွှမ်း၍နေသည့်အတွက်ကြောင့်ထိုအကြောင်းအရာများသည်လူမှုအသိုင်းအဝန်းများ၏တဖတ်သတ်အ မြင်များသာဖြစ်သည်။အမျိုးသမီးများဖြတ်သန်းမှုတွင်ဖြစ်သောဒုက္ခသည်၊အိုးမဲ့အိမ်မဲ့၊ကာယနှင့်စိတ်ပိုင်း

ဆိုင် ရာမသန်စွမ်း၊ရွာသူကြီးအမျိုးသမီးမှလိင်ပိုင်းဆိုင်ရာစော်ကားအကြမ်းဖက်ခံရသူနှင့်အခြားအပါအဝင်ဖြစ်သော လုပ်ရှားဆောင်ရွက် ခဲ့သည့်အရာများကိုတန်ဖိုးထားအသိအမှတ်ပြုရန်ဖြစ်သည်။ရွာသူကြီးအမျိုးသမီးများ၏ တင်ပြချက် များတွင်သူတို့အားစိန်ခေါ်သည့်အရာများကိုသဘာဂအသိတရားဖြင့်သူတို့၏စိတ်ဓါတ်များကိုမဖြို ခွင်းနိုင်ပါ။ပဋိပက္ခပြသနာများညှိနှိုင်းဖြေရှင်းနေရသည့်အချိန်တိုင်းတွင်ကျွမ်းကျင်သည့်အသိပညာအစွမ်းနှင့်လိမ္မာပါးနပ်စွာဖြင့်ပြင်ဆင်တွေးဆနိုင်သည့်စွမ်းရည်ဖြင့်ဆုံးဖြတ်ချက်အဆင့်ဆင့်ကိုလုပ်နိုင်ခဲ့သည်။

ဗမာစစ်တပ်သည်တရားမျှတမှုကိုဆန့်ကျင်သည့်ပြုမူဆောင်ရွက်မှုများကိုကရင်ပြည်နယ်တွင်မကမြန်မာပြည်အနံ့အ ပြားနှင့်ထိုင်းမြန်မာနယ်စပ်အထိဆက်လက်လုပ်ဆောင်နေသည်မှာအလွန်ဂမ်းနည်းစရာကောင်းလှပါသည်။ မကြာသေးခင်တွင်ဖြစ်ပွားခဲ့သည့်မူတရောနယ်မြေတွင်လမ်းဖောက်လုပ်ရန်စီမံကိန်းအစီအစဉ်မှဖြစ်ပေါ်လာသည့်တိုက်ပွဲသည်ရွာသားပေါင်းသုံးထောင်ကျော်ကိုအတင်းအဓမ္မထွက်ပြေးတိမ်းရှောင်အိုးမဲ့အိမ်မဲ့ဖြစ်နေရသည်။ တိုက်ပွဲဖြစ်ပွားသည့်အချိန်ကာလသည်လက်ရှိအပစ်အခတ်ရပ်စဲစာချုပ်ကိုချုပ်ထားခဲ့သည့်တိုင်ပစ်ခတ်မှုသည်လက်နက်သေး၊လက်နက်ကြီးကျည်ဆံများသည်ရွာထဲတွင်သာကျရောက်သည့်အတွက်ရွာသားများအသက်အန္တရာယ်ကြားမှလွတ်မြောက်ရန်ထွက်ပြေးတိမ်းရှောင်နေရသည်။ခေအယ်န်ယူနယ်မြေအတွင်းတွင်ဖေဖေါ်ဝါရီလမှစ၍တိုက်ပွဲများဖြစ်ပွားနေသည်။အမျိုးသမီးများနှင့်ကလေးငယ်များသည်စစ်ဖြစ်ပွားသည့်နယ်မြေတွင်နေထိုင်သည့်အတွက်သူတို့၏အသက်အန္တရာယ်လုံခြုံမှုများအတွက်အလွန်စိုးရိမ်ရပါသည်။ပဋိပက္ခအတွင်းရှိနေစဉ်လိုအပ်သည့်ပံ့ပိုးကူညီမှုနှင့်စိုးရိမ်ပူပန်မှုများကိုအသိအမှတ်ပြုနားထောင်ပေးရမည်။သူတို့၏လိုအပ်မှုများကိုရှေ့ဆောင်ထောက်ပံ့ကူညီပေးရမည်ဖြစ်သလိုသူတို့ပြန်လည်နေထိုင်နိုင်ရန်အတွက်ဗမာစစ်တပ်များဖယ်ထုတ်ဖျက်သိမ်းရမည်ဖြစ်သည်။

ကျွန်မတို့ကရင်အမျိုးသမီးအစည်းအရုံးသည်တန်းတူညီမျှမှုအတွက်ရှန်းကန်ရန်ခရီးဝေးဆက်နေရဦးမည်ဖြစ်သည်။ သို့သော်အခြားသောလူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးနိုင်သည့်နေရာဖြစ်မြောက်ရန်နှင့်အရည်အသွေး ပြည့်စုံသည့်ထုထောင်မှုကိုစွမ်းစွမ်းတမံဆောင်ရွက်သွားမည်ဖြစ်သည်။လက်တွေ့အမှန်ပန်းတိုင်အရောက်သွား နိုင်ရန်အမျိုးသမီးနှင့်အမျိုးသားများလက်တွဲအလုပ်လုပ်ပြီးမြန်မာနိုင်ငံတရားမျှတမှုအတွက်အတူတကွဆောင်ရွက်ရမည်ဖြစ်သည်။

ယနေ့သည်အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့တွင်နှစ်စဉ်လုပ်ဆောင်ခဲ့သလိုကရင်အမျိုးသမီး အစည်း အရုံးသည်အမျိုးသမီးများအားလုံးလှုပ်ရှားဆောင်ရွက်သည့်အရာများကိုအလေးထားအသိအမှတ်ပြုပေးသည်။၎င်းအပြင်မြန်မာနိုင်ငံတွင်တရားမျှတမှုနှင့်တန်းတူညီမျှမှုရရှိရေးအတွက်လှုပ်ရှားဆောင်ရွက်သည့်အမျိုးသမီးများအားလုံးကိုလည်းအသိအမှတ်ပြုမှတ်တမ်းတင်ပါသည်။အမျိုးသမီးများသည်ခေါင်းဆောင်မှုပိုင်းဆိုင်ရာကိုယ်စားလှယ်ဖြစ်နိုင်ရေးအတွက်ကျွန်မတို့ဆက်လက်အားပေးထောက်ခံသွားမည်ဖြစ်ပြီး၊မြန်မာနိုင်ငံတွင်လူတိုင်းပိုင်ဆိုင်သည့်လူ့အခွင့်အရေးနှင့်ညီသောတန်းတူညီမျှရေးလူတိုင်းနေနိုင်ရန်နိုင်ငံတကာလူမှုအသိုင်းအဝိုင်းများနှင့်ပူးပေါင်းဆောင်ရွက်ကာမြန်မာနိုင်ငံကိုဖိအား ပေးနိုင်သည့်အနေအထားတရပ်ဖြစ်ရန်တိုက်တွန်းမည်ဖြစ်သည်။ အတူတကွတညီတ ညွတ်တည်းလက်တွဲဆောင်ရွက်လျှင်အနာဂါတ်တွင်ရည်ရွယ်သည့်ပန်းတိုင်ဖြစ်သောလူတိုင်းကိုယ်စီတန်းတူညီမျှသည့်အခွင့်အရေးကိုဆုပ်ကိုင်နိုင်မည် ဖြစ်ပြီးမျှော်လင့်သည့်ပျော်ရွှင်မှု အကျိုးရလဒ်များလူတိုင်းခံစားနေရမည်ဖြစ်သည်။

ဆက်သွယ်ရန်

၁. ဆရာမအဲလ်လစ် ၆၆၉-၈၈၁-၄၃၂၉၄ (ကရင်နှင့်မြန်မာ)ဘာသာ

၂. ဆရာမဝါးခူရှီး ၆၆၈-၆၁၁-၈၂၂၆၁(အင်္ဂလိပ်)ဘာသာ

၃. ဆရာမဒါးမူ ၆၆၈-၇၂၀-၄၉၀၆၅(ကရင်)ဘာသာ